**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နယ်စပ်ရေးရာဝန်ကြီးဌာန**

**ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**ရုံးအမှတ် ၄၂၊ နေပြည်တော်**

# လျှောက်လွှာခေါ်ယူခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ သင်တန်းကျောင်းများတွင် လစ်လပ်လျက်ရှိသော အောက်ပါရာထူးနေရာများ၌ လျှောက်ထားလိုသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာန website page ဖြစ်သော www.moba.gov.mm တွင် ဖော်ပြထားသည့် လျှောက်လွှာပုံစံနှင့် ပူးတွဲလျှောက်ထားရမည့်အချက်အလက်များအား Download ရယူပြီး ၂၁-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်၍ သော်လည်းကောင်း၊ etda42dmin@gmail.com သို့ Online မှ သော်လည်းကောင်းပေးပို့ လျှောက်ထားရန်ဖြစ်ပါသည်-

| စဉ် | ရာထူး | လစာနှုန်း | လစ်လပ်ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၃ | ၁၉၈၀၀၀ိ-၂၀၀၀-၂၀၈၀၀၀ိ | ၂၄ နေရာ |
| (ခ) | အငယ်တန်းစာရေး | ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ | ၃၀ နေရာ |
| (ဂ) | ပစ္စည်းထိန်း-၄ | ၁၈၀၀၀၀ိ-၂၀၀၀-၁၉၀၀၀၀ိ | ၁၁ နေရာ |
| | | **စုစုပေါင်း** | ၆၅ နေရာ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဂ) ၃၀-၄-၂၀၂၄ ရက်နေ့တွင် အသက်၁၈နှစ်ပြည့်ပြီး ၂၇ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ **(နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် ၃၅ နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။)**

(ဃ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။

(စ) **အိမ်ထောင်မရှိသူ လူပျို/ အပျို** ဖြစ်ရမည်။

(ဆ) ရွေးချယ်ခံရသူများသည် တာဝန်ကျရာဒေသတွင် **အနည်းဆုံး ၅ နှစ်** တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ခံဝန်ကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(ဇ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းမှထုတ်ပစ် (Dismissal)၊ ရာထူးမှ ထုတ်ပယ်(Removal) ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

(ဈ) အငယ်တန်းအင်ဂျင်နီယာ-၃ ခန့်ထားရာ၌ ၎င်းရာထူးနေရာကို ကျော်ထောက်နောက်ခံ ပြု၍အလုပ်သင်အဖြစ် ဦးစွာခန့်ထားပြီး လုပ်ငန်းဆောင်ရွက်မှုအား ကျေနပ်မှုရှိပါအငယ် တန်းအင်ဂျင်နီယာ-၃ ရာထူးတွင် ဆက်လက်ခန့်ထားပါမည်။

၃။ ရာထူးအလိုက် ပညာအရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ-၃ | - | A.G.T.I ဒီပလိုမာရရှိရမည်။ (သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှုရှိရမည်။) |
| (ခ) | အငယ်တန်းစာရေးနှင့်လစာနှုန်းတူ | - | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူဖြစ်ရမည်။ (ကွန်ပျူတာကျွမ်းကျင်သူဖြစ်ပြီး လက်တွေ့စစ်ဆေးခံနိုင်ရမည်) |

၄။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ၂၁-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်ဖြစ်ပါသည်။

၅။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကွန်ပျူတာ တို့ အားရေးဖြေ ဖြေဆိုရမည်။ အငယ်တန်းအင်ဂျင်နီယာ-၃ လျှောက်ထားသူများအနေဖြင့် အထက်ပါ ဘာသာရပ်များအပြင် အင်ဂျင်နီယာဘာသာရပ်ကိုပါ ဖြေဆိုရမည်။ စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာ နှင့်အချိန်တို့ကို ဝန်ကြီးဌာန Website Page တွင် အချိန်မီကြိုတင် ကြေညာသွားပါမည်။ ရေးဖြေ စာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း နှင့် စိတ်ပိုင်းဆိုင်ရာ(Psycho Test) ပြုလုပ် မည်ဖြစ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များအား နယ်စပ်ရေးရာဝန်ကြီးဌာန Website www.moba.gov.mm နှင့် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ ဖုန်းနံပါတ် ၀၆၇၃-၄၁၀၉၅၈စသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

သို့

ညွှန်ကြားရေးမှူးချုပ်

ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန

နေပြည်တော်

ရက်စွဲ။ ၂၀၂၄ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အငယ်တန်းအင်ဂျင်နီယာ-၃ သို့မဟုတ် အငယ်တန်းစာရေး ရာထူးတစ်နေရာ လျှောက်ထားခြင်း**

ကျွန်တော်/ကျွန်မ……………………..၊ မှတ်ပုံတင်အမှတ်……………………………….. သည်…………………..ပညာသင်နှစ်၊…………………အထူးပြုဘာသာရပ်ဖြင့်……….......... ဘွဲ့ကို……………………..တက္ကသိုလ်မှရရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနတွင် အငယ်တန်းအင်ဂျင်နီယာ-၃ သို့မဟုတ် အငယ်တန်းစာရေး ရာထူးတစ်နေရာ ခန့်ထားပေးပါရန် အောက်ပါစာရွက်စာတမ်းများနှင့်အတူ လျှောက်ထားအပ်ပါသည်-

(၁) လိုင်စင်ဓာတ်ပုံ(၂)ပုံ

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(မိတ္တူ)

(၃) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ)

(၄) ဘွဲ့လက်မှတ်(မိတ္တူ)

(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံချက်(မူရင်း)

(၆) ကျန်းမာကြောင်းဆေးထောက်ခံချက်**(၆ လအတွင်း)**(မူရင်း)

(၇) အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မိတ္တူ)

(၈) ကိုယ်ရေးမှတ်တမ်းအကျဉ်း(၁)စုံ

လေးစားစွာဖြင့်

အမည် ၊---------------------

မှတ်ပုံတင်အမှတ် ၊---------------------

ဆက်သွယ်ရန်လိပ်စာ ၊---------------------

အပြည့်အစုံ ---------------------

ဖုန်းနံပါတ် ---------------------

# ကိုယ်ရေးမှတ်တမ်းအကျဉ်း

ဓာတ်ပုံ

၁။ အမည် -------------------------------------

၂။ နိုင်ငံသားစိစစ်ရေးအမှတ် -------------------------------------

၃။ အသက်/မွေးသက္ကရာဇ် -------------------------------------

၄။ လူမျိုး/ဘာသာ -------------------------------------

၅။ ပညာအရည်အချင်း --------------------------------------

၆။ အောင်မြင်သည့်ခုနှစ် -------------------------------------

၇။ အဘအမည်၊ အလုပ်အကိုင်၊ ---------------------------------------

--------------------------------------

၈။ အမိအမည်၊ အလုပ်အကိုင်၊ ---------------------------------------

---------------------------------------

၉။ ဆက်သွယ်ရန်လိပ်စာ ----------------------------------------

ဖုန်းနံပါတ် ---------------------------------------

----------------------------------------